# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date -29/3/2022

**စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု**

**ချင်းပြည်နယ်**

- ၂၀၂၂ မတ်လ ၂၉ရက် ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ မင်းတပ်-မတူပီလမ်းတွင် စကစယာဥ်တန်း (၈၀) ကျော်ပါ ယာဥ်တန်းနှင့် CDF-Mindatတို့ တိုက်ပွဲပြင်းထန်နေပြီး စကစ တပ်ဘက်မှ (၁၅) ဦးသေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရကြောင်း သိရသည်။

- ၂၀၂၂ မတ်လ ၂၉ ရက် ချင်းပြည်နယ်၊ မင်းတပ်မြို့၊ ဘ၀သစ်ရပ်ကွက် ဝမ္မသူးမောင်းလမ်း၊ ဗိုလ်မှူးဟာရှိန် ချောက်အနီး အသစ်ပြင်ဆင်နေသော ရေကန်တွင် လုံခြုံရေးယူထားသော စကစ တပ်သားများကို CDF-Mindatမှ ဝင်ရောက်တိုက်ခိုက်ရာ စကစတပ်သား (၂) ဦးသေဆုံးကြောင်း သိရသည်။

- ၂၀၂၂ မတ်လ ၂၆ရက် ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ရိခေါ်ဒါမြို့၊ အမှတ် (၁) ရပ်ကွက်၊ နယ်စပ်ဂိတ် အနီးရှိ CNDFယာယီစခန်းကို စကစတပ်မှ ဝင်ရောက်ပစ်ခတ်ခဲ့ပြီး စကစတပ်မှ ပြည်သူ (၄) ဦးကို ဖမ်းဆီး ခေါ်ဆောင်ခဲ့ကာ (၂) ဦးကို ပြန်လည်လွှတ်ပေးခဲ့ပြီး (၂) ဦးကို ဆက်လက် ထိန်းသိမ်းဖမ်းဆီး ထားကြောင်း သိရသည်။

**စစ်ကိုင်းတိုင်း**

- ၂၀၂၂ မတ်လ ၂၉ရက်နေ့ စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ အလယ်ရှိကျေးရွာရှိ စကစတပ်သား (၄၀) ဦးသည် ကုလားလူးကျေးရွာသို့ဝင်ရောက်စဉ် ခင်ဦးမြို့နယ် ပကဖ ၊ ဒေသခံကာကွယ်ရေး တပ်ဖွဲ့တို့မှ လက်လုပ် RPG ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စကစတပ်သား (၄) ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ပဲခူးတိုင်း**

- ၂၀၂၂ မတ်လ ၂၈ရက် ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့၊ ငွေးသဲရွာနှင့် လယ်သာရွာအကြားတွင် NTDF သံတောင်မြောက်ပိုင်းအထူးဒေသ ဦးကိုကြီးတပ်ဖွဲ့နှင့် ဆွာမြို့ အခြေစိုက် ခမရ ၁၉ မှ စကစ တပ်သားများ တိုက်ပွဲဖြစ်ပွားပြီး စကစမှ ၆ ဦးသေဆုံး၍ ၈ ဦးဒဏ်ရာရသွားခဲ့ကြောင်း သိရသည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

- ၂၀၂၂ မတ်လ ၂၈ ရက်နေ့ ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ်၊ လယ်တာကျေးရွာနှင့် ငွေးသဲကျေးရွာကြားသို့ ခြေလျင်တက်လာသော အင်အား (၄၀) ပါ စစ်ကြောင်းကို တောင်ငူခရိုင် PDFတပ်ရင်း အမှတ် (၃၅၀၁) ၊ တပ်ခွဲ (၃) ၊ ရှားလေ့တပ်စုနှင့် ပူးပေါင်းအဖွဲ့မှ မိုင်းဆွဲတိုက်ခိုက်ရာ စကစတပ်သား (၂) ဦး ကျဆုံး၍ (၈) ဦးဒဏ်ရာရသွားခဲ့ကြောင်း သိရသည်။

**<u>မွန်ပြည်နယ်</u>**

- ၂၀၂၂ မတ်လ ၂၉ ရက်နေ့ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ရန်ကုန်-မော်လမြိုင်ကားလမ်း၌ စကစကား (၄၁) စီး ပါယာဥ်တန်းကို ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် KNLA တပ်မဟာ(၁)၊ တပ်ရင်း (၂) တပ်ဖွဲ့များမှ ချောင်းပြန့်ကျေးရွာအနီးတွင် (၁) ကြိမ်၊ သထုံနယ်စပ် ကမာစိုင်အနီး တွင် (၁) ကြိမ် ပြောက်ကျား တိုက်ခိုက်ရာ စကစတပ်သား (၁) ဦး ဒဏ်ရာရခဲ့ပြီး စကစတပ်မှ ရမ်းသမ်းပစ်ခတ်သောကြောင့် အမျိုးသမီး (၁) ဦး သေဆုံးခဲ့ကြောင်း သိရသည်။

- ၂၀၂၂မတ်လ ၂၈ ရက်နေ့ မွန်ပြည်နယ်၊ ဘီးလင်းမြို့ တိုးဂိတ်အဟောင်း၌ တပ်စွဲထားသော စကစတပ်သားများကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLAတပ်မဟာ(၁)၊ တပ်ရင်း(၂)နှင့် သထုံPDFပူးပေါင်းအဖွဲ့မှ (၄၀)မမဖုံးသီးဖြင့် သွားရောက်ပစ်ခတ်ခဲ့ရာ စကစတပ်သား ထိခိုက် ကျဆုံးမသိရသေးကြောင်း သတင်းရရှိသည်။

**<u>မကွေးတိုင်း</u>**

- ၂၀၂၂ မတ်လ ၂၈ ရက်နေ့ မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ဗဟင်းရဲစခန်းကို ဒေသကာကွယ်ရေး ညီနောင်မဟာမိတ်များဖြစ်သည့် Myaing Villages Revolution Front (MVRF)၊ PRA၊ ကျားသစ်နက်၊ ပုလဲ (ပကဖ)၊ PPDG၊ Tiger အဖွဲ့တို့ပူးပေါင်းပြီး စခန်းသိမ်းတိုက်ပွဲပြုလုပ်နေစဉ် စကစဘက်မှ ဂျက်ဖိုက်တာတစ်စီးဖြင့် လေကြောင်းမှ ဆက်တိုက်ပစ်ခတ်ခဲ့သည့်အတွက် ပြန်လည်ဆုတ်ခွာခဲ့ရပြီး စကစတပ်သားနှင့် စကစလက်အောက်ခံရဲ ၉ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

- ၂၀၂၂ မတ်လ ၂၉ ရက်နေ့ မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ဆင်ချောင်းရွာနှင့်ဇီးကုန်းရွာကြား၌ စကစကား ၂ စီးကို -ရေစကြိုမြို့နယ်ပြည်သူကာကွယ်ရေးတပ်ဖွဲ့မှမိုင်း (၂)လုံး ဆွဲတိုက်ခိုက်ခဲ့ရာ ကား-၁ စီးမှာ ထိခိုက်ပျက်စီးသွား၍ ကားပေါ်တွင်ပါသော စကစတပ်သား ၃ ဦးသေဆုံးသွားပြီး တပ်သားတချို့ အပြင်းအထန်ဒဏ်ရာရရှိသွားကြောင်း သိရသည်။

- ၂၀၂၂ မတ်လ ၂၉ ရက်နေ့ မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ဆင်ချောင်း ကျေးရွာနှင့် ဇီးကုန်းကျေးရွာကြား ကျေးရွာချင်းဆက်လမ်းရှိ လယ်ကြီးတံတားအနီး၌ စကစတပ်များအား ရေစကြို-PDFမှ မိုင်းဆွဲတိုက်ခိုက်ခဲ့သည့်အတွက် စကစတပ်သား ၃ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

## ရှမ်းပြည်နယ်

- ၂၀၂၂ မတ်လ ၂၈ ရက်နေ့၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ်၊ မုံးပေါ်ကျေးရွာအထက် မန်နောင်ကောင်တွင် စစ်ကြောင်းထိုးလာသည့် စကစတပ်ကို KIA မှ ဆွဲမိုင်း ၂ လုံးဖြင့် ဖောက်ခွဲပြီး ဝင်တိုက်ခိုက်ခဲ့သည့်အတွက် စကစတပ်ဘက်မှ အထိအခိုက်အကျအဆုံးရှိခဲ့ကာ ကားနှစ်စီးဖြင့် ထိခိုက်သူများကို လာရောက်သယ်ယူသွားကြောင်းနှင့် လက်နက်ကြီး၊ လက်နက်ငယ်များရမ်းသမ်း ပစ်ခတ်ခဲ့မှုကြောင့် လက်နက်ကြီးကျည်အချို့ မိုင်ဖန်ကျေးရွာသို့ ကျရောက်ခဲ့ကြောင်း သိရသည်။

## စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

## ကရင်နီ(ကယား)ပြည်နယ်

- ၂၀၂၂ မတ်လ ၂၈ ရက်နေ့၊ ကရင်နီ(ကယား)ပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါတော်ကူး ကျေးရွာသို့ စစ်ရှောင်နေရာမှ နေအိမ်သို့ ရိက္ခာပြန်ယူချိန်၌ ခမရ (၄၂၇) တပ်မှ ပစ်လိုက်သော လက်နက်ကြီးကြောင့် အမျိုးသမီး (၁) ဦး ထိမှန်သေဆုံးခဲ့ပြီး၊ အမျိုးသား ၁ ဦး ထိခိုက်ဒဏ်ရာရသွားကြောင်း သိရသည်။

## ချင်းပြည်နယ်

- ၂၀၂၂ မတ်လ ၂၈ရက်နေ့၊ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ မတူပီမြို့မှ အမျိုးသားတစ်ဦး မင်းတပ်- မတူပီလမ်း ချန်ပြန်ချောင်း အနီး၌ ငါးဖမ်းသွားချိန် မိုင်းနင်းမိပြီး ခြေထောက် တစ်ဖက်ဒဏ်ရာမှာ ပြင်းထန်သောကြောင့် မတူပီပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေကြောင်း သိရသည်။

## စစ်ကိုင်းတိုင်း

- ၂၀၂၂ မတ်လ ၂၉ ရက်နေ့ စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊ နောင်ကြီးအိုင်ကျေးရွာမှ စကစလက် အောက်ခံရဲ (၁၀) ဦးခန့်သည် ပြည်သူ (၃) ဦးအား ဖမ်းဆီးခဲ့ကြောင်း သိရသည်။

- ၂၀၂၂ မတ်လ ၂၉ ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ဆိပ်ဖူးမြောင်ကျေးရွာရှိ ပျူစောထီးများ ကင်းလှည့်ချိန်၌ ပြည်သူ (၃) ဦးအား အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

## တနင်္သာရီတိုင်း

- ၂၀၂၂ မတ်လ ၂၉ရက်နေ့၊ တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်၊ ကြက်မအုပ်ကျေးရွာမှ ရွာသား ၃ ဦးကို စကစမှ ထိုးကြိတ်၊ ရိုက်နှက်၊ သွားများပါ နှုတ်ယူ၍ ပြင်းထန်စွာနှိပ်စက်ခဲ့ပြီး PDF များလာတိုက်လျှင် သတ်ပစ်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်

- ၂၀၂၂ မတ်လ ၂၄ရက်နေ့၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမြို့နယ်၊ ရွာငံမြို့ရှိ ပဲယင်တောင်ကျေးရွာအတွင်းသို့ စကစတပ်သားများရောက်ရှိလာပြီး ထွက်ပြေးတိမ်းရှောင်နေသည့် ရွာသားများ အိမ်ပြန်လာကြရန်နှင့် တစ်ပတ်အတွင်းမရောက်ရှိပါကလူမရှိသည့်နေအိမ်များကိုသိမ်းယူမည်ဟု ခြိမ်းခြောက်ပြောဆိုသွားကြောင်းသိရသည်။

## ရန်ကုန်တိုင်း

- ၂၀၂၂ မတ်လ ၂၇ရက်နေ့၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၌ စကစမှ ပြည်သူများထံမှ အကြောင်းအမျိုးမျိုးပြ၍ သိမ်းဆည်းလုယူထားသော ဆိုင်ကယ်များကို မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာအဖွဲ့များထံသို့ ခွဲတမ်းချ၍ ပြန်လည်ချထားပေးလျက်ရှိကြောင်း သိရသည်။

## ဧရာဝတီတိုင်း

- ၂၀၂၂ မတ်လ ၂၉ရက်နေ့၊ ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်၊ ဘိုကလေးမြို့၊ အမှတ် (၂) အုပ်ချုပ်ရေးမှူး ဦးလှကျန်နှင့်ဇနီးဒေါ်ခင်ဝင်းတို့သည် ပြည်သူများထံမှ ဧည့်စာရင်းတစ်ခါတိုင်လျှင် ၅၀၀၀ ကျပ်၊ ပင်စင်ထောက်ခံစာလုပ်လျှင် ၁၀၀၀ ကျပ်၊ ရပ်ကွက်အတွင်းညကင်းမစောင့်ပါက ၃၀၀၀ ကျပ်နှုန်း တောင်းယူခြင်းနှင့်ခြိမ်းခြောက်၍ငွေများ ကောက်ခံလျက်ရှိကြောင်း သိရသည်။